**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

(၃၀)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၉)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၃.၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**စောယုအားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ၂၁-၃-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ မြန်မာရာဘာဖိုရမ်တက်ရောက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ပြည်ပခရီးစဉ်နှင့် ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၁)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၁၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၁၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါမယ်။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင် ကွယ်လွန်သွားပါသဖြင့် ၎င်းကော်မတီတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် အား ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ အဖွဲ့ဝင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ပေး အစား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး အားလည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာ အစားထိုးပြင်ဆင် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ ဖွဲ့စည်းရေး နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာ ကိစ္စများကိုလည်း လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါတယ်။

ဒါကြောင့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီကို (၁၅)ဦး ထက်မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူ ဦးဆောင်မယ့် ကော်မတီ ဥက္ကဋ္ဌ နဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက် ရယူဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းခြင်းနှင့်တစ်ဆက်တည်းမှာပဲ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ ကော်မတီရဲ့ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းများကို လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က သတ်မှတ်ပေးမယ့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မတီဝင်များရဲ့ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး အား ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့ အစည်းအဝေးကျင်းပပုံကို တက်ရောက်လေ့လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ဦးမင်းဦးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်မှာ ဖွဲ့စည်းမယ့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ကော်မတီ၏တာဝန်များ ကော်မတီသည် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ လုပ်ငန်းများတို့ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ မူဝါဒ၊ ရည်မှန်းချက်များ၊ စီမံကိန်းများ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၏ လက်ရှိရောက်ရှိနေသော အခြေအနေများကို လေ့လာသုံးသပ် အကြံပြုရန်။ ကော်မတီသည် ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာ၍ ကဏ္ဍအလိုက်သုံးသပ်အကြံပြုရန်။

ဆောက်လုပ်ရေးကဏ္ဍ မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍကို စနစ်ကျနစွာ ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်စေရန်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ပြနှင့် ကျေးလက်ဒေသနေ ပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရေးအတွက် လမ်း၊ တံတားများကို အဆင့်မီ အသစ်ဖောက်လုပ်တည်ဆောက်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန်။ ပြည်သူလူထုအတွက် သင့်လျော်ကောင်းမွန်သည့် အိမ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ရန်။

စက်မှုကဏ္ဍခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ရေး၊ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်သည့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးတက်လာစေရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရန်။ အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုး ထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များ တိုးမြှင့်ရန်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိက အခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေးကို ဦးစားပေးပြီး နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရန်။ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်လာစေရန်။ ပြည်တွင်းရှိ သယံဇာတကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်။

လျှပ်စစ်ကဏ္ဍ မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရနိုင်သမျှ ရေအား၊ လေအား၊ နေအား၊ အပူစွမ်းအင်နှင့် အခြားစွမ်းအင်အရင်းအမြစ်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ခေတ်မီနည်းစနစ်များနှင့်အညီဆောင်ရွက်၍ ဒေသအလိုက် ဖြန့်ဖြူးရေးလုပ်ငန်းများတွင် ပုဂ္ဂလိကပိုင်းမှ ပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရန်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ပို့လွှတ်ခြင်းလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် EIA, SIA သုံးသပ်မှုများပြုလုပ်ပြီး စနစ်တကျ စီမံဆောင်ရွက်သွားရန်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာပြီး

စီးပွားရေးအသွင်ဆောင်သော လျှပ်စစ်လုပ်ငန်းများ ဖြစ်ပေါ်လာစေရန်။ လျှပ်စစ်ဥပဒေနှင့် နည်းဥပဒေများကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့် ပွင့်လင်းလာသော ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပြည်တွင်းပြည်ပ ပညာရှင်များ၏ အကြံဉာဏ်အကူအညီများကို ရယူဆောင်ရွက်သွားရန်။

စွမ်းအင်ကဏ္ဍ ပြည်တွင်းစွမ်းအင်လိုအပ်ချက်ဖူလုံရေး ဦးစားပေးဆောင်ရွက်ရန်။ ရှာဖွေတွေ့ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ သယံဇာတများကို ထွက်ရှိရာ ဒေသအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အကျိုးရှိထိရောက်စွာ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ရန်။ စဉ်ဆက်မပြတ် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။ အခြားအစားထိုးစွမ်းအင် အမျိုးအစားများကိုအိမ်သုံးစွမ်းအင်အဖြစ် အသုံးပြုနိုင်ရေး မြှင့်တင်ဆောင်ရွက်ရန်။ စွမ်းအင်ကဏ္ဍတွင် ပုဂ္ဂလိကအပိုင်းမှပိုမိုပါဝင်လာစေရေးကို မြှင့်တင်ဆောင်ရွက်ရန်။ စွမ်းအင်ဆိုင်ရာ လုပ်ငန်များဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်များကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန်။ စွမ်းအင် အမျိုးအစားသစ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။

ဆက်လက်ပြီး ကော်မတီ၏လုပ်ပိုင်ခွင့်များကို ရှင်းလင်းတင်ပြပါမယ်။ ကော်မတီသည် သက်ဆိုင်ရာ ဝန်ကြီးဌာနအဖွဲ့အစည်းတို့မှ ဖြေကြားနိုင်မည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း၊ ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်ပါတယ်။ ကော်မတီသည် လုပ်ငန်းနှင့် သက်ဆိုင်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ အမိန့်ညွှန်ကြားချက်များနှင့် စာရင်းဇယားများကို အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ တာဝန်ရှိသူများထံမှ တောင်းခံနိုင်ပါသည်။ ကော်မတီသည် လိုအပ်သည့် နယ်မြေဒေသများသို့ သွားရောက်လေ့လာရန် ခရီးစဉ်နှင့်အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ခွင့်ပြုချက် ရယူရမှာဖြစ်ပါတယ်။ ကော်မတီသည် လုပ်ငန်းနဲ့ ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ၊ အခြားဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်တက်ရောက်နိုင်ခွင့်ရှိပါတယ်။

ကော်မတီသည် ဆပ်ကော်မတီအလိုက်ဖြစ်စေ၊ အဖွဲ့ခွဲ၍ဖြစ်စေ လိုအပ်သောပုဂ္ဂိုလ်များနှင့်ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ လိုအပ်သည့် ပြည်တွင်းနေရာဒေသ အသင်းအဖွဲ့၊ ရုံး၊ အလုပ်ရုံ၊ လုပ်ငန်းတည်နေရာ သို့မဟုတ် အစိုးရရုံးဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်းများ၏ရုံးသို့ တာဝန်အရ သွားရောက်လေ့လာ ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ သွားရောက်လေ့လာ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ရုံးသို့ ခရီးစဉ်နှင့်အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး လွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရပါမည်။ ကော်မတီသည် လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲစီစဉ်ဆောင်ရွက်ပေးရန်သင့်သော သို့မဟုတ် လိုအပ်သလို အရေးယူဆောင်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာ အမှုတွဲနှင့်အတူ ပြည့်စုံစွာ ပြုစုတင်ပြရပါမယ်။

ရပိုင်ခွင့်နှင့် စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။ ကော်မတီဝင်များသည် ကော်မတီတာဝန်များကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိပါသည်။ ဒါ့အပြင် ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိပါသည်။ ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိပါတယ်။ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် စသည့် အခွင့်အရေးများလည်း ရှိပါတယ်။

ကော်မတီ၏သက်တမ်း၊ ကော်မတီ၏ သက်တမ်းမှာ (၁)နှစ်ဖြစ်ပါတယ်။ သက်တမ်း(၁)နှစ်ပြည့်မြောက်ပြီးသည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌက လိုအပ်ပါက ကော်မတီ၏ အမည်ပြင်ဆင်ခြင်း၊ ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူး တို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီကို (၁၅)ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီဥက္ကဋ္ဌ အဖြစ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ အားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့-

(၁) ဦးနိုင်ကိုကို၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(၂) ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁ )

(၃) ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၅ )

(၄) ဦးငွန်ပေါး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁ )

(၅) ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၈ )

(၆) ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၇ )

(၇) ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၉ )

(၈) ဦးစိုးသီဟ(ခ) မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁၀ )

(၉) ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၈ )

(၁၀) ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၇ )

(၁၁) ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁၀ )

(၁၂) ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၁ )

(၁၃) ဗိုလ်မှူးကြီး ဇော်လွင်၊ တပ်မတော်သား ကိုယ်စားလှယ်

တို့ ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြလာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကိုလည်းကောင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒီတင်ပြချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။

လွှတ်တော်က အတည်ပြုတဲ့အတွက် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် လွိုင်လင်ခရိုင်သို့ ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း ကျောက်တန်း - ဖတ်နမ် - ပင်လုံလမ်းပိုင်း (၂၉)မိုင် (၆)ဖာလုံလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် လမ်းအဖြစ် အတည်ပြုပေးနိုင်ပါရန်နှင့် ၎င်းလမ်းပိုင်းကို အဆင့်မြှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား မည်သည့်ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ က ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် လွိုင်လင်ခရိုင် သို့ ဆက်သွယ်သည့် ခရိုင်ချင်း ဆက်လမ်း ကျောက်တန်း - ဖတ်နမ် - ပင်လုံလမ်းပိုင်း (၂၉)မိုင် (၆)ဖာလုံလမ်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင်လမ်းအဖြစ် အတည်ပြုပေးနိုင်ပါရန်နှင့် ၎င်းလမ်းပိုင်းကို အဆင့်မြှင့်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းအား မည်သည့်ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် လွိုင်လင်ခရိုင်ကို ဆက်သွယ်ထားတဲ့ ကျောက်တန်း - ဖတ်နမ် - ပင်လုံလမ်း (၂၉)မိုင် (၆)ဖာလုံအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီး ဌာနပိုင် လမ်းအဖြစ် သိမ်းသွင်းပေးနိုင်ရေးအတွက် မေးခွန်းမေးမြန်းသွားမှာ ဖြစ်တယ်။

အဆိုပါလမ်းအား ဖောက်လုပ်ပေးမည်ဆိုပါက ဒေသတွင်းနေ တိုင်းရင်းသားပြည်သူများ သွားလာရေးလွယ်ကူစေမှာ ဖြစ်ပြီး လူမှုဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ တောင်ကြီး- ဟိုပုံး- လွိုင်လင် ပြည်ထောင်စုလမ်းမကြီး သဘာဝဘေးဒဏ်ကြောင့် တောင်ပြိုလမ်းပိတ် အရေးပေါ် ဖြစ်ပွားလာပါကလည်း အရန်လမ်းအဖြစ် အရေးပေါ်သွားလာနိုင်သည့် တစ်ခုတည်းသော လမ်းလည်း ဖြစ်ပါတယ်။ ၎င်းလမ်းအား သတ်မှတ်လမ်းနယ်နိမိတ် ရရှိရေးအတွက်လည်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်

ခွင့်ရ ဦးစီးအဖွဲ့ သက်ဆိုင်ရာဌာန၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအတွင်းပြည်သူ့စစ်အဖွဲ့များနှင့် ကွင်းဆင်းညှိနှိုင်းသဘောတူထားပြီးလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် လွိုင်လင်ခရိုင်ကို ဆက်သွယ်ထားတဲ့ ခရိုင်ချင်းဆက်လမ်း ကျောက်တန်း - ဖတ်နမ် - ပင်လုံလမ်း (၂၉)မိုင် (၆)ဖာလုံ လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် လမ်းအဖြစ် အတည်ပြုပေးနိုင်ပါရန်နှင့် မည်သည့်ဘဏ္ဍာနှစ်မှ စတင်၍ လမ်းအဆင့်မြှင့်တင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ်၊ ဗန်းမော်မြို့ မင်းကျောင်းကုန်း ရပ်ကွက်နှင့် နောင်ခိုရပ်ကွက်ကို ဆက်သွယ်ထားသော ကားလမ်း (ပရဟိတကန်လမ်း)ကို အချိန်မရွေးသွားလာနိုင်ရန် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင် က ကချင်ပြည်နယ်၊ ဗန်းမော်မြို့ မင်းကျောင်းကုန်း ရပ်ကွက်နှင့် နောင်ခိုရပ်ကွက်ကို ဆက်သွယ်ထားသော ကားလမ်း (ပရဟိတကန်လမ်း)ကို အချိန်မရွေးသွားလာနိုင်ရန် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်း နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့ မင်းကျောင်းကုန်းရပ်ကွက်နှင့် နောင်ခိုရပ်ကွက်ကို ဆက်သွယ်ထားသောကားလမ်း (ပရဟိတကန်လမ်း)ကို အချိန်မရွေးသွားလာနိုင်ရန် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော် ဒီ မေးခွန်းမေးမြန်းရခြင်းရဲ့ အကြောင်းပြချက်များကို အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်တို့ ဗန်းမော်မြို့နယ်သည် ကျေးရွာ၊ ရပ်ကွက်ပေါင်း (၅၈)ခုဖြင့် ဖွဲ့စည်းထားသော မြို့ ဖြစ်ပါတယ်။ နောင်ခိုရပ်ကွက်အုပ်စုခြမ်းတွင် ရပ်ကွက်နှင့် ကျေးရွာပေါင်း (၃၂)ခုရှိပြီး မင်းကျောင်းကုန်းရပ်ကွက်ခြမ်းတွင် ရပ်ကွက်၊ ကျေးရွာပေါင်း (၂၆)ခု ရှိပါတယ်။ ဗန်းမော်ဆေးရုံကြီးဟာ မင်းကျောင်းကုန်းရပ်ကွက်ခြမ်းတွင်ရှိသည့် ညောင်ပင်ရပ်ကွက်တွင် ရှိပါတယ်။ ယခင်က မင်းကျောင်းကုန်းရပ်ကွက်နှင့် နောင်ခိုရပ်ကွက်ကို ဆက်သွယ်ထားသော ကားလမ်း(၂)လမ်းရှိပါတယ်။ ပထမလမ်းမှာ ကမ်းနားလမ်းဖြစ်ပြီး ယင်းကမ်းနားလမ်းကို ညနေ(၆)နာရီမှ မနက်(၆)နာရီ အထိပိတ်ထားပြီး ကျန်အချိန်တွင် မြို့သူ မြို့သားများ သွားလာနိုင်ပါတယ်။

ဒုတိယလမ်းမှာ ပရဟိတကန်လမ်းဖြစ်ပြီး အမြဲတမ်းဖွင့်ထားပြီး အတားအဆီးမရှိပါ။ ယင်းကားလမ်းများဟာ အများပြည်သူတို့ သွားသည့် ကားလမ်းဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်လောက်မှာ

မင်းကျောင်းကုန်းရပ်ကွက်ရှိ ကမ်းနားလမ်းအား ဗန်းမော်ဌာနေတပ်မှ အသေပိတ်ထားပြီး မည်သူမျှ မဖြတ်သန်းရတော့ပါ။ ၂၀၁၅ ခုနှစ်လောက်တွင် ကျန်ရှိသည့် ပရဟိတကနက်လမ်းအား ညနေ (၈)နာရီမှ မနက်(၆)နာရီအထိ ကားလမ်းကို စစ်ဆေးရေးဂိတ်ထား၍ ပိတ်ထားပါတယ်။ ကျန်အချိန်တွင် သွားခွင့် ပြုပါတယ်။

ထိုကဲ့သို့ ကားလမ်းပိတ်ထားသဖြင့် ညနေ (၈)နာရီမှ မနက်(၆)နာရီအထိ မြို့မှာ နှစ်ခြမ်း ခွဲထားသလို ဖြစ်နေရပါတယ်။ အထူးသဖြင့် နောင်ခိုရပ်ကွက် ကျေးရွာဘက်အခြမ်းမှာ ရှိတဲ့ မြို့သူ မြို့သားများက ညဘက်အရေးပေါ် ဆေးရုံသွားမည်ဆိုပါက အခက်အခဲများကြုံတွေ့နေရပါတယ်။ ၁၃-၆-၂၀၁၂ ရက်နေ့ နောင်ခိုရပ်ကွက်နေ ကိုသားကြီးနှင့် ဇနီးဖြစ်သူ ကိုယ်ဝန်ဆောင် မဖြူဖြူလှိုင် တို့ဟာ ကလေးမီးဖွားရန် ဆေးရုံသို့ နံနက်(၄)နာရီခန့်က သွားရာ ဂိတ်ပိတ်ထားသဖြင့် ဆေးရုံသို့ အချိန်မီ မသွားနိုင်၍ ပိတ်ထားသော စစ်ဆေးရေးဂိတ်အလွန်တွင် ကလေးမွေးဖွားခဲ့ရပါတယ်။ ထို့အပြင် မိုးဖိန်းအုပ်စု၊ သာစည်ကျေးရွာနေ ဦးကျော်ဖြိုးလေး ဆိုသူဟာ ၄-၉-၂၀၁၇ ရက်နေ့ ညနေ (၉)နာရီ အချိန်တွင် ဗန်းမော်ဆေးရုံကြီး၌ ရင်ကျပ်ရောဂါဖြင့် တက်ရောက်ကုသနေတဲ့ ၎င်း၏ ကလေးအား သွား ကြည့်ရှုရန် စစ်ဆေးရေးဂိတ်တွင် ခွင့်တောင်းရာမှ ပြဿနာ ဖြစ်ပြီး ဗန်းမော် တရားရုံးတွင် တရားခံ အဖြစ် အမှုရင်ဆိုင်ခဲ့ရပါတယ်။

ထိုကဲ့သို့ မလိုလားအပ်သော ပြဿနာများ နောင်တွင်မဖြစ်စေရန်အတွက် နောင်ခိုကျေးရွာ အုပ်စုရှိ ပြည်သူများကိုယ်စား ယခုကဲ့သို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဗန်းမော်မြို့၊ မင်းကျောင်းကုန်းရပ်ကွက်နှင့် နောင်ခိုရပ်ကွက်ကို ဆက်သွယ်ထားသော ကားလမ်း(ပရဟိတကနက်လမ်း) ကို အချိန်မရွေးသွားလာနိုင်ရန် ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ကျောက်ပန်းတောင်းရွာ၊ မြောက်မျှားကုန်းရွာ၊ မကြီးပင်ကျင်းရွာ၊ ပျဉ်းပင်စမ်းရွာများမှ မင်းလှ - သရက် ကားလမ်းမကြီးသို့ သွားရာတွင် ဖြတ်ကျော် သွားရသော တင်ညောင်ချောင်း၌ ကွန်ကရစ်ရေကျော် သို့မဟုတ် ချောင်းကူးတံတားကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး က မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ကျောက်ပန်းတောင်းရွာ၊ မြောက်မျှားကုန်းရွာ၊ မကြီးပင်ကျင်းရွာ၊ ပျဉ်းပင်စမ်းရွာများမှ မင်းလှ - သရက် ကားလမ်းမကြီးသို့ သွားရာတွင် ဖြတ်ကျော် သွားရသော တင်ညောင်ချောင်း၌ ကွန်ကရစ်ရေကျော် သို့မဟုတ် ချောင်းကူးတံတားကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ ပါစေလို့ ဆုတောင်းမေတ္တာပို့သ လိုက်ပါတယ်ရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မဒီနေ့ မေးမြန်းရမယ့် ကြယ်ပွင့်ပြမေးခွန်းမှာ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ကျောက်ပန်းတောင်းရွာ၊ မြောက်မျှားကုန်းရွာ၊ မကြီးပင်ကျင်းရွာ၊ ပျဉ်းပင် စမ်းကျေးရွာများမှ မင်းလှ-သရက်ကားလမ်းမကြီးသို့ သွားရာတွင် ဖြတ်ကျော်ရသော တင်ညော င် ချောင်းအား ရေကျော်ကွန်ကရစ် သို့မဟုတ် ချောင်းကူးတံတားကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။ လေးစားရ ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အထက်ပါ တင်ညောင်ချောင်းဟာ ပေ(၁၅၀)ကျယ်ဝန်း ၍ မင်းလှ-သရက်ကားလမ်းမကြီးနှင့် (၁)မိုင်ဝေးကွာပါတယ်။ ချောင်းတစ်ဖက်ကမ်း မင်းလှမြို့ နယ်တွင် ကျောက်ပန်းတောင်းအုပ်စု၊ ကျောက်ပန်းတောင်းရွာ၊ မြောက်မျှားကုန်းရွာ၊ မကြီးပင်ကျင်းရွာ၊ ပျဉ်းပင်စမ်းရွာ၊ ကျောက်အိုးရွာမှ အိမ်ထောင်စု ဦးရေ (၆၃၂)အိမ်နှင့် လူဦးရေ (၃၀၀၀)ကျော်တို့ဟာ တင်ညောင်ချောင်းကို ဖြတ်ကျော်၍ မင်းလှ-သရက်ကားလမ်းမကြီးမှ တစ်ဆင့် သရက်မြို့သို့လည်းကောင်း၊ မင်းဘူး - မင်းလှ - မကွေးသို့လည်းကောင်း၊ အလိုရှိသည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝတွင် ၎င်းချောင်းကို မဖြစ်မနေ ဖြတ်ကျော်ကြရပါတယ်။

အထူးသဖြင့် ၎င်းဒေသနှင့် တစ်မိုင်ဝေးသွားသည့် မင်းလှ-သရက်ကားလမ်းပေါ်ရှိ လင်းကယ် ကျေးရွာသို့ ပညာရေးအတွက် လင်းကယ် အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ ကျန်းမာရေးအတွက် လင်းကယ်တိုက်နယ်ဆေးရုံသို့လည်းကောင်း သွားကြရပါတယ်။ သို့သော်လည်းပဲ ၎င်းတင်ညောင်ချောင်းဟာ ရာသီမရွေးစီးဆင်းနေသော ချောင်းဖြစ်သော်လည်း မိုးတွင်းအခါမှာ ချောင်းရေ စီးဆင်းမှု အလွန်ကြီးမားသဖြင့် သွားရောက်ရန် ခက်ခဲပြတ်တောက်မှု ရှိပါတယ်။ မွေးလူနာ၊ ပိုးထိလူနာ များမှာ အချိန်မီ ဆေးရုံသို့ မရောက်ရှိသဖြင့် အသက်ဆုံးရှုံးမှုများနှင့်လည်း ကြုံတွေ့ရပါတယ်ရှင်။ သို့ပါသောကြောင့် ကျောင်းသူ၊ ကျောင်းသားများလည်း ချောင်းရေကျနေသဖြင့် ကျောင်းပျက်ကွက်မှု ရက်ရှည်ကြုံတွေ့ခဲ့ရပါတယ်။

ဤဒေသရှိ အထက်ပါ ရွာများမှ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံဖို့ သွားတဲ့အခါမှာ အဲဒီ မဲဆန္ဒနယ် ပြည်သူတွေက မည်သည့်အရာမှ မတောင်းဆိုဘဲ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့မှာ အတားအဆီးသဖွယ်ဖြစ်နေသော ၎င်း တင်ညောင်ချောင်းအား မိုးရာသီတွင် သွားလာရေး လွယ်ကူချောမွေ့စေရန်အတွက် ရေကျော်ကွန်ကရစ် သို့မဟုတ် ချောင်းကူးတံတားကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိကို ပြည်သူတို့၏ကိုယ်စား ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ် အမှတ်(၉)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေ မှ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် လွိုင်လင်ခရိုင်သို့ ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း ကျောက်တန်း - ဖတ်နမ် - ပင်လုံ လမ်းပိုင်း (၂၉)မိုင် (၆)ဖာလုံလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် လမ်းအဖြစ် အတည်ပြုပေးနိုင်ပါရန်နှင့် ၎င်းလမ်းပိုင်းကို အဆင့်မြှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား မည်သည့်ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နှင့် လွိုင်လင်ခရိုင် ပင်လုံမြို့သို့ ဆက်သွယ်ထားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ကျောက်တန်းမှ ဖတ်နမ်တံတားအထိ (၉)မိုင်၊ (၆)ဖာလုံ၊ ဖတ်နမ်တံတားမှ ပင်လုံမြို့အထိ (၂၀)မိုင်၊ စုစုပေါင်း(၂၉)မိုင်၊ (၆)ဖာလုံမှာ လမ်းဦးစီးဌာနပိုင် ထမ်ဆန်း-ကျောက်တန်းလမ်း၊ (၇)မိုင် (၄)ဖာလုံနှင့် တစ်ဆက်တစ်စပ်တည်းရှိသော လမ်းဖြစ်ပြီးတော့ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (AH2) မိုင်တိုင်အမှတ်(၁၄၀/၀)ထမ်ဆန်းရွာနှင့် လွိုင်လင်-ပန်ကေတု - သီပေါလမ်း (AH111) မိုင်တိုင် ၆/၀ ပင်လုံမြို့သို့ ဆက်သွယ်ထားသောလမ်း ဖြစ်ပါတယ်။ လက်ရှိ လမ်းအမျိုးအစားကတော့ (၁၀)ပေအကျယ် မြေသားလမ်း အမျိုးအစားပဲ ဖြစ်ပါတယ်။ အဆိုပါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ် သိမ်းသွင်းပြီးဖြစ်ပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းအဖြစ် ၂၆-၂-၂၀၁၈ ရက်နေ့မှာ သတ်မှတ်ကြေညာထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုပါ ကျောက်တန်း-ဖတ်နမ်-ပင်လုံ လမ်းပိုင်း (၂၉)မိုင်၊ (၆)ဖာလုံ၏ Geometric Design၊ Pavement Design ပုံစံထုတ်ခြင်း၊ တံတားများရဲ့ Design ပုံစံထုတ်ခြင်းနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ တစ်ကြောင်းထိုးမြေသားလမ်း (၂၀)ပေ အကျယ်ရရှိအောင် ဆောင်ရွက်ခြင်း လုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေများလျာထားဆောင်ရွက်သွားမှာဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်

ပြီးတော့ လမ်းတံတားလုပ်ငန်းများအား အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကချင်ပြည်နယ်၊ အမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလွင်မှ ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့ မင်းကျောင်းကုန်းရပ်ကွက်နှင့် နောင်ခိုရပ်ကွက်ကို ဆက်သွယ်ထားသောကားလမ်း(ပရဟိတကန်လမ်း)ကို အချိန်မရွေးသွားလာနိုင်ရန် ဖွင့်လှစ်ပေးခြင်း၊ ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ကချင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဗန်းမော်မြို့ မင်းကျောင်းကုန်းရပ်ကွက်နှင့် နောင်ခိုရပ်ကွက်ကို ဆက်သွယ်ထားသော ကားလမ်း(ပရဟိတကန်လမ်း)သည် အမှတ်(၂၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၏ တပ်ပိုင်မြေဧရိယာ အတွင်းတွင် ပါဝင်နေပြီးတော့ မင်းကျောင်းကုန်းလမ်းမကြီး၏ လမ်းဘေးဝဲ/ယာတစ်လျှောက် အရာရှိကြီးနေအိမ်၊ အရာရှိငယ်နေအိမ်များနှင့် စစ်သည်မိသားစု အိမ်ထောင်သည်လိုင်းခန်းများ တည်ရှိပြီးတော့ ဗန်းမော်အကျဉ်းထောင်အရှေ့မှတစ်ဆင့် ဗန်းမော်မြို့၏ အရှေ့ဘက်ရှိ ရပ်ကွက်များ၊ ကျေးရွာများသို့ သွားလာအသုံးပြုလျက်ရှိသော ကားလမ်း ဖြစ်ပါတယ်။ အဆိုပါကားလမ်းသည် ဗန်းမော်-နောင်လိုက်-တာဆိုင် လမ်းပိုင်းတွင်ပါဝင်ပြီးတော့ ကချင်ပြည်နယ် အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းပိုင်း ဖြစ်ပါတယ်။ လမ်းမိုင်အားဖြင့် အရှည် (၁၈)မိုင်၊ (၄)ဖာလုံ ရှိပါတယ်။

ဗန်းမော်ဒေသတွင် လက်နက်ကိုင်များ သွားလာလှုပ်ရှားမှုရှိတဲ့ အညိုရောင်နယ်မြေ ဖြစ်ပါသဖြင့် တပ်ပိုင်မြေဧရိယာအတွင်း တည်ရှိသောလမ်းများအား ယခင်က (၂၄)နာရီ ဖွင့်လှစ်ခဲ့သော်လည်းပဲ ၂၀၁၄ အောက်တိုဘာလမှ စ၍ ည(၉)နာရီမှ မနက်(၄)နာရီ အချိန်အထိ ဂိတ်ပိတ်ထားပြီးတော့ သာရေး၊ နာရေးနှင့် အရေးပေါ်ကိစ္စရပ်များအတွက် စိစစ်ဖွင့်လှစ်ပေးခြင်းနှင့် ပွဲလမ်းသဘင်များရှိပါက လုံခြုံရေး ကင်းများချထားကာ (၂၄)နာရီ ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်လျက် ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းကျောင်းကုန်းရပ်ကွက်နှင့် နောင်ခိုရပ်ကွက်တို့အား ဆက်သွယ်ထားသော ကားလမ်း (ပရဟိတကန်လမ်း)အား အချိန်မရွေးသွားလာနိုင်ရေးအတွက် ဖွင့်လှစ်ပေးရန် ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ အမှတ်(၂၁)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ လုံခြုံရေးအခြေအနေအရ ညဘက်ပိုင်းမှသာလျှင် ကန့်သတ်ဆောင်ရွက်နေခြင်းသာ ဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး အမှတ်(၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ကျောက်ပန်းတောင်းရွာ၊ မြောက်မျှားကုန်းရွာ၊ မကြီးပင်ကျင်းရွာ၊ ပျဉ်းပင်စမ်းရွာများမှ မင်းလှ - သရက် ကားလမ်းမကြီးသို့ သွားရာတွင် ဖြတ်ကျော်သွားရသော တင်ညောင်ချောင်းအား ကွန်ကရစ်ရေကျော်တံတား သို့မဟုတ် ချောင်းကူးတံတားကို မည်သည့်ဘဏ္ဍာရေး

နှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သရက်ခရိုင်၊ မင်းလှမြို့နယ်အတွင်းရှိ တင်ညောင် ချောင်းရေကျော်သည် မင်းလှ - သရက် ကားလမ်းမကြီးသို့ ဆက်သွယ်ထားသည့် လမ်းအဆင့် Class(A)၊ ဦးစားပေး အဆင့်(၁)ရှိ လမ်းဖြစ်တဲ့ ကျောက်အိုး - မကျီးပင်ကျင်း - မြောက်မျှားကုန်း ကျေးရွာချင်းဆက် မြေသားလမ်းပေါ်မှာ တည်ရှိပါတယ်။ တင်ညောင်ချောင်း ကွန်ကရစ်ရေကျော် ဆောင်ရွက်ပြီးစီးပါက ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၆၅၀)၊ လူဦးရေ(၃၂၀၀)ဦးတို့အား ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အကျိုးပြုမှာ ဖြစ်ပါသဖြင့် တင်ညောင်ချောင်း ကွန်ကရစ်ရေကျော်အား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်စ၍ ဘဏ္ဍာငွေလျာထား တင်ပြတောင်းခံသွားမှာ ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည် ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လိုရင်းကိုမေးပါ။ မိုက်ပေးလိုက်ပါ။

**ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ မင်းကျောင်းကုန်းရပ်ကွက်နှင့် နောင်ခိုရပ်ကွက်ကို အခြားလမ်းဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါ တယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဒီဖြစ်စဉ်လေးကို ကြည့်လိုက်လို့ရှိရင်တော့ တကယ်တော့ ညဘက်(၉)နာရီ ကနေ မနက်(၄)နာရီအထိ ပိတ်ထားပေမယ့်လို့ တကယ်လို့များ အဲဒီရပ်ကွက်မှာရှိတဲ့ ပြည်သူတွေက ညဘက်မှာ ဆေးရုံကို အရေးပေါ်သွားချင်တယ်ဆို တကယ်ဆောင်ရွက်မယ့်ကိစ္စက စကခ ထဲမှာရှိတဲ့ ဗဟို ကင်းအထိ ရောက်အောင်သွားရပါမယ်။ ဗဟိုကင်းမှာရှိတဲ့ တာဝန်ခံအရာရှိကို သတင်းပို့ရင်တော့ တပ်ကကားနှင့်တောင်မှ လိုက်ပို့တာမျိုး ရှိပါတယ်။ သို့သော်လည်းပဲ ဒေသခံပြည်သူတွေက ညဘက် မှာဆိုတဲ့အခါကျတော့ ဒီအထဲထိကို ဗဟိုကင်းထိကိုသွားဖို့ သူတို့ ဝန်လေးနေတာလည်းပါသလို အခုဟာက ညဘက်ကျတော့ မသိပါဘူးလေ ဆိုပြီးတော့ ခိုးဖြတ်တာနှင့် ဒီလို ပြဿနာမျိုးတွေ ဖြစ်ခြင်း သာဖြစ်ပါတယ်။ တကယ်ဖြစ်စဉ်အမှန်ကတော့ ည(၉)နာရီကနေ မနက်(၄)နာရီအထိ ပိတ်ထားပေမယ့် တကယ်ကို ခုနကလို သာရေး၊ နာရေးဖြစ်တယ်ဆိုရင်တော့ ဗဟိုကင်းကို ရောက်အောင်သွားပြီး တာဝန်ခံ အရာရှိကို သတင်းပို့ရမှာ ဖြစ်ပါတယ်။

သို့သော်လည်းပဲ ဒီကိစ္စတွေကိုရေရှည် အဆင်ပြေဖို့အတွက်ကိုတော့ ကျွန်တော်တို့ ပြည်နယ် အစိုးရနှင့် ညှိနှိုင်းပြီးတော့ ကျန်တဲ့ အခြားတပ်ရှောင်လမ်း ဖောက်လုပ်ဖို့အတွက် ကျွန်တော်တို့ လမ်းအူကြောင်းအသစ် ရှာဖွေသွားရဦးပါမယ် ခင်ဗျား။ ကျွန်တော်တို့ ရှာဖွေပြီးတော့ ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက် ၁၁-၈-၂၀၁၆ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၉)ရက်မြောက် ၁၂-၉-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ် တီထွင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့ လွှတ်တော်ကပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၆ - ၃ -၂၀၁၈ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်သူ့ငွေစာရင်း ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးမျိုးဝင်း(အဖွဲ့ဝင်၊ ပြည်သူ့ငွေစာရင်း ကော်မတီ)**။ ။ လေးစားရတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်း ကော်မတီဝင် ဦးမျိုးဝင်း ဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ပဉ္စမပုံမှန်အစည်းအဝေးကနေ ယခုကျင်းပဆဲ သတ္တမပုံမှန်အစည်းအဝေးရဲ့ ၅-၃-၂၀၁၈ ရက်နေ့အထိ လုပ်ဆောင်ချက်များကို လွှတ်တော်ကြီးအား ဖတ်ကြားတင်ပြအစီရင်ခံသွားမှာ ဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာ အပြည့်အစုံကို လွှတ်တော် ကိုယ်စားလှယ်ကြီးများအား ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆောင်ရွက်ချက်လုပ်ငန်း အကျဉ်းချုပ် ကိုသာ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

## ဒုတိယအကြိမ်အမျိုးသားလွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏အစီရင်ခံစာ

**စာအမှတ်၊ ၂/အမ(ပြည်သူ့ငွေစာရင်း)/၂၀၁၈-၀၀၁**

**ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်**

၁။ ၅-၂-၂၀၁၆ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တဲ့ ပြည်သူ့ငွေစာရင်းကော်မတီကို အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ အရ ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ပြီး ၃၁-၁-၂၀၁၈ ရက်နေ့အထိ လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ပေးအပ်ထားတဲ့ တာဝန်များကို ဆောင်ရွက်နိုင်ဖို့အတွက် ပဉ္စမ ပုံမှန် အစည်းအဝေးက ယနေ့အထိ အမျိုးသားလွှတ်တော်ဆိုင်ရာ ပြည်သူ့ငွေစာရင်းကော်မတီ ညှိနှိုင်း အစည်းအဝေး (၈)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီ ကော်မတီဝင်များထဲက (၇)ဦးဟာ ပြည်ထောင်စု လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ (JPAC)မှာ ပူးပေါင်းတာဝန်ယူ ထမ်းဆောင်လျက် ရှိပါတယ်။

၂။ ယခု သတ္တမအကြိမ် ပုံမှန်အစည်းအဝေးအတွင်း ပြည်ထောင်စုလွှတ်တော်မှာ တင်သွင်း အတည်ပြုခဲ့တဲ့ အမျိုးသားစီမံကိန်း ဥပဒေဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားတဲ့ ရငွေ၊ သုံးငွေများ စိစစ်ရေး ပူးပေါင်းအဖွဲ့(၁၇)ဖွဲ့က ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေရသုံး ဆိုင်ရာ ဥပဒေကြမ်းပါ ရသုံးခန့်မှန်းခြေ ငွေစာရင်းများကို စိစစ်တင်ပြလာတဲ့ တွေ့ရှိချက်များအပေါ် အခြေခံပြီး အစိုးရဝန်ကြီးဌာနများရဲ့ ဘတ်ဂျက်သုံးစွဲနေမှုများနဲ့ ပတ်သက်လို့ JPAC ရဲ့ အသေးစိတ် ထပ်မံစိစစ် တွေ့ရှိချက်များအပေါ် ပြည်ထောင်စုလွှတ်တော်ကြီးကို တင်ပြအစီရင်ခံရတဲ့ လုပ်ငန်းများ ကိုလည်း ဆောင်ရွက်လျက် ရှိပါတယ်။ ဒီ JPAC မှာ ပါဝင်တဲ့ ကော်မတီဝင်များဟာ ပဉ္စမပုံမှန် အစည်းအဝေးမှ ယခု ဖေဖော်ဝါရီလကုန်အထိ JPAC အစည်းအဝေးကို (၃၂)ကြိမ်တက်ရောက်ခဲ့ ပါတယ်။

၃။ အဲဒီလုပ်ငန်းတွေအပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာကို စိစစ်ပြီး တွေ့ရှိချက် များကို လွှတ်တော်သို့ တင်ပြခြင်းတို့လို အဓိကတာဝန်ကြီး(၉)ခုကိုလည်းပဲ ထမ်းဆောင်လျက်ရှိပါတယ်။ JPAC မှာ မပါဝင်တဲ့ ကျန်အဖွဲ့ဝင်များဟာလည်း စိစစ်ရေး ပူးပေါင်းအဖွဲ့များထဲမှာ ပါဝင်လျက်ရှိပြီး ဘတ်ဂျက်စိစစ်ရေးတာဝန်များကို ထမ်းဆောင်လျက်ရှိတဲ့အပြင် လတ်တလော ရပ်ဆိုင်းထားတဲ့ စက်ရုံ

များကို လေ့လာသုံးသပ်ရေး အဖွဲ့(၂)ဖွဲ့မှာ ပါဝင်ထမ်းဆောင်ခြင်း၊ ပြည်ထောင်စုလွှတ်တော်မှာ အစိုးရအဖွဲ့မှ တင်သွင်းတဲ့ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များမှာ ပါဝင်ဆွေးနွေးခြင်း၊ လိုအပ်လျှင် လိုအပ်သလို မြေပြင်အခြေအနေများအား ကွင်းဆင်းလေ့လာ စိစစ်ခြင်းစတဲ့ လုပ်ငန်းများကို ဆောင်ရွက် လျက်ရှိတဲ့အပြင် အခါအားလျော်စွာ ပေးအပ်လာတဲ့ တာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိရာမှာ တာဝန်ပေးချက်အရ ဆောင်ရွက်မှု (၃)ကြိမ် ရှိခဲ့ပါတယ်။

၄။　　အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ လုပ်ငန်းများကို တင်ပြရရင် ပြည်သူ့ငွေစာရင်းကော်မတီက ရေးရာဆောင် (I - 15) မှာ စီးပွားရေးအကြံပေး ဦးဇော်ဖေဝင်း ရဲ့ ပထမအကြိမ် Policy Review အဖြစ် OBOR အစီအစဉ်နှင့် မြန်မာနိုင်ငံအပေါ် သက်ရောက်နိုင်ခြေများဆိုတဲ့ ခေါင်းစဉ်နဲ့ ကော်မတီဝင်တွေ စွမ်းရည်မြင့်မားရေးအတွက် ဟောပြောဆွေးနွေးခြင်း အစီအစဉ်(၁)ခု ပြုလုပ်ခဲ့ပါတယ်။ ဒီ့အပြင် မြန်မာ့အာမခံအသင်း Myanmar Insurances Association (MIA) ဖွဲ့စည်းမှုနှင့် ပတ်သက်လို့ ကြားနာပွဲ(၁)ခု ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။ အသင်းမှတ်ပုံတင်ခွင့်ရရှိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးပြီး အသင်းမှတ်ပုံတင်ခွင့် အဆင်ပြေချောမွေ့စေအောင် ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အပြင် ကော်မတီမှ ကြီးမှူးပြီး (J) ဆောင် ထမင်းစားခန်းမမှာ Spectrum-Sustainable Development Knowledge ရဲ့ အမှုဆောင်ဒါရိုက်တာ Mr. David Allan ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် နိုင်ငံသားများအတွက် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များဆိုတဲ့ ခေါင်းစဉ်နှင့်စပ်လျဉ်းပြီး အပြန်အလှန်ဆွေးနွေးခြင်းဆိုတဲ့ (Debate)တို့လို ဆွေးနွေးပွဲများကိုလည်း ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ဒီတစ်နှစ်တာကာလအတွင်းမှာ ဧည့်သည်တော်များနှင့် တွေ့ဆုံခြင်း (၁)ကြိမ်၊ သက်ဆိုင်ရာ အခမ်းအနားများသို့ တက်ရောက်ခြင်း(၈၁)ကြိမ် ရှိခဲ့ပါတယ်။

၅။　　လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်း ကော်မတီအဖွဲ့ဝင်များရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို အနှစ်ချုပ်သုံးသပ်ရမယ်ဆိုရင် ကော်မတီ အစည်းအဝေး (၈)ကြိမ်၊ တာဝန်ပေးအပ်ချက်အရ ဆောင်ရွက်ခြင်း(၃)ကြိမ်၊ ဧည့်သည်တော်တွေ့ဆုံခြင်း Call(၁)ကြိမ်၊ ဆွေးနွေးပွဲနဲ့ အခမ်းအနားများ တက်ရောက်ခြင်း(၈၁)ကြိမ်၊ Debate (၁)ကြိမ်နဲ့ JPAC အစည်းအဝေး (၃၂)ကြိမ် တက်ရောက်ခဲ့တာကို တွေ့ရှိရတဲ့အတွက် ဒီ ကော်မတီအဖွဲ့ဝင်များဟာ အမျိုးသားလွှတ်တော် တာဝန်များအပြင် ပြည်ထောင်စုလွှတ်တော်ရဲ့ ငွေစာရင်းဆိုင်ရာ ကိစ္စရပ်များမှာလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေရတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အစည်းအဝေးကို (၈)ကြိမ်ခန့်သာ ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။


၆။　　နိဂုံးချုပ်အနေနဲ့ အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီဟာ ပေးအပ်ထားတဲ့ တာဝန်များကို ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်ချက်များနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ပြီး ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ လွှတ်တော်သို့ အစီရင်ခံတင်ပြနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအား လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ပုံမှန်အစည်းအဝေး၏မြင်ကွင်းပုံ (ပပ)




အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီမှ Debate ကျင်းပသည့် Slide ၏မြင်ကွင်းပုံ (ပပ-၁)



ဘတ်ဂျက်စိစစ်ရေးအဖွဲ့(၁)၏ နေပြည်တော်စည်ပင်၏ လုပ်ငန်းများဖြစ်သော ရေပေးဝေရေး လုပ်ငန်းအား စစ်ဆေးခြင်း မြင်ကွင်းပုံ (ပပ-၂)



**အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာဦးကြွယ်ကြွယ်(အဖွဲ့ဝင်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါ စေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသား လွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဝင် ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ ကော်မတီ၏ တာဝန်ပေးချက်အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကာလအတွင်း ၂၆-၇-၂၀၁၇ ရက်နေ့မှ ၅-၃-၂၀၁၈ ရက်နေ့အထိ ကာလအတွက် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

ကော်မတီ၏ အစီရင်ခံစာ အပြည့်အစုံကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်လို့ လိုရင်းကိုသာ ဖတ်ကြားတင်ပြခွင့်ပြုပါခင်ဗျား။

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင်တင်သွင်းသည့် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**

စာအမှတ်၊၁/အမ(ကော်မတီ-၂)၁/၂၀၁၈-၀၁၄
ရက်စွဲ ၊၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖော်ပြပါ အစီရင်ခံ ကာလ ၂၆-၇-၂၀၁၇ ရက်နေ့မှ ၅-၃-၂၀၁၈ ရက်နေ့တွင် ကော်မတီသည် ကော်မတီအစည်းအဝေး (၉)ကြိမ်၊ ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနဲ့တွေ့ဆုံခြင်း(၄)ကြိမ်၊ ပြည်ပခရီးစဉ်များ သွားရောက်ခြင်း (၄)ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲများ ဟောပြောပွဲများတက်ရောက်ခြင်း(၂၂)ကြိမ်တို့ ပြုလုပ်ခဲ့ပါတယ်။

၂။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ အစည်းအဝေးပွဲများတွင် ကော်မတီ လုပ်ငန်း ညှိနှိုင်းခြင်း၊ ကော်မတီအဖွဲ့ဝင်များက နိုင်ငံတကာရေးရာကိစ္စများ၊ နိုင်ငံတကာ ပါလီမန်များ၊ နိုင်ငံများ အကြောင်း စူးစမ်းလေ့လာချက်များကို ကော်မတီအတွင်း ဆွေးနွေးမျှဝေခြင်းတို့ ပြုလုပ်ခဲ့ကြပါတယ်။ အဲဒီလို ပြုလုပ်ရာမှာ ၁၀-၂-၂၀၁၇ ရက်နေ့ အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း က ကာတာနိုင်ငံနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြခဲ့ပါတယ်။ ၂၂-၈-၂၀၁၇ ရက်နေ့တွင် ကော်မတီအဖွဲ့ဝင် ဦးဇော်ဟိန်း က ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံ၊ နိုင်ငံရေး၊ စီးပွားရေးတို့ကို လေ့လာဆွေးနွေးခြင်းတို့ ပြုလုပ်ခဲ့ပါတယ်။ ၂၅-၁၀-၂၀၁၇ ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌ ဒေါက်တာ သန်းဝင်း က နိုင်ငံတကာတွင် ကျင့်သုံးနေကြသော Government System များဖြစ်ကြတဲ့ Parliamentary System နဲ့ Presidential System များကို လေ့လာရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ၂၂-၁၁-၂၀၁၇ ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း က United States Congress ၏ လုပ်ငန်းဆောင်တာများကို လေ့လာချက်အား ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ၂၃-၁-၂၀၁၈ ရက်နေ့တွင် ကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဇဝန က ၎င်းသွားရောက်လေ့လာခဲ့သော အိန္ဒိယနိုင်ငံ လွှတ်တော်၏ လုပ်ငန်း

ဆောင်ရွက်နေမှုများ၊ အိန္ဒိယလွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များနှင့် အခွင့်အရေးများကို ရှင်းလင်းဆွေးနွေးခြင်းတို့ ပြုလုပ်ခဲ့ပါတယ်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်းကို တင်ပြပါမယ်။ ၃-၈-၂၀၁၇ ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌက ဖိလစ်ပိုင်သံအမတ်ကြီး H.E. Mr. Eduardo E. Kapunan, Jr နှင့်အဖွဲ့အား တွေ့ဆုံပြီး နှစ်နိုင်ငံ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် ဖော်ဆောင်နေသော ငြိမ်းချမ်းရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါတယ်။ ၂၃-၈-၂၀၁၇ ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC)၊ နိုင်ငံတကာရေးရာ ကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yuan Guiren ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံ နိုင်ငံတကာဆက်ဆံရေး အချင်းချင်း ရင်းနှီးစွာဆက်ဆံခဲ့သည့် အခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ ကော်မတီအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးမှတစ်ဆင့် နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားတိုးမြှင့် ဖော်ဆောင်သွားနိုင်မည့် ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ပါတယ်။ ၁၉-၁၀-၂၀၁၇ ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၃)ဦးတို့က Asian Development Bank(ADB) မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံပြီး (ADB)မှ အဆိုပြုထားသော ချေးငွေအထောက်အပံ့(၂)ခုနှင့် စပ်လျဉ်းပြီး ADB နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အသေးစိတ်ရှင်းလင်းတင်ပြသည်ကို ကြားနာ၍ ကော်မတီဝင်များနှင့် အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ပါတယ်။ ၁၀-၁၁-၂၀၁၇ ရက်နေ့တွင် အက်စတိုးနီးယားနိုင်ငံ သမ္မတ၏ အကြံပေးကော်မတီအဖွဲ့ဝင် Mr. Mart Nutt ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၂)ဦးတို့ထံ လာရောက်တွေ့ဆုံပြီး အက်စတိုးနီးယားနိုင်ငံ၏ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခြင်း ရည်မှန်းချက်ကို ရှင်းလင်းပြောကြားဆွေးနွေးခဲ့ပါတယ်။

၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၏ ပြည်ပခရီးစဉ်များကို တင်ပြပါမယ်။ ကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဇဝန သည် အိန္ဒိယနိုင်ငံ Bureau of Parliamentary Studies and Training မှ ဖိတ်ကြားသည့် လေ့လာရေးခရီးစဉ်ကို ၃၀-၇-၂၀၁၇ ရက်နေ့မှ ၁၁-၈-၂၀၁၇ နေ့အထိ သွားရောက် လေ့လာခဲ့ပါတယ်။ ကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသန်းဝင်း၊ အတွင်းရေးမှူး ဒေါ်ထုမေ နှင့် အဖွဲ့ဝင် ဒေါက်တာဝင်းမြင့် တို့က ၁၄-၉-၂၀၁၇ ရက်နေ့မှ ၂၀-၉-၂၀၁၇ ရက်နေ့ထိ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့မှာ ကျင်းပတဲ့ (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ သို့ တက်ရောက်ခဲ့ပါတယ်။ ၂၂-၁၁-၂၀၁၇ ရက်နေ့မှ ၂၉-၁၁-၂၀၁၇ ရက်နေ့အထိ ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့နှင့် ဆစ်ဒနီမြို့များမှာ ကျင်းပတဲ့ ဩစတြေးလျပါလီမန်မှ ကြီးမှူးပြုလုပ်သည့်လေ့လာရေးခရီးစဉ်သို့ ကော်မတီအတွင်းရေးမှူး ဒေါ်ထုမေ တက်ရောက်ခဲ့ပါတယ်။ ၂၉-၁၁-၂၀၁၇ ရက်နေ့နှင့် ၃၀-၁၁-၂၀၁၇ နေ့များမှာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်တဲ့ Fostering Peaceful and Inclusive Societies in South Asia: The role of religious leaders and actors အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင် ဒေါက်တာဦးကြွယ်ကြွယ် တက်ရောက်ခဲ့ပါတယ်။

၅။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်(၇)ဦးဟာ ပြည်ထောင်စုလွှတ်တော်၊ နိုင်ငံတကာ ပါလီမန်များအဖွဲ့ (IPU) ဆိုင်ရာ ပူးတွဲကော်မတီဝင်များ ဖြစ်ကြပြီး (၈)ဦးဟာ အာဆီယံ နိုင်ငံတကာ ပါလီမန်များ ညီလာခံ (AIPA) ဆိုင်ရာ ပူတွဲကော်မတီအဖွဲ့ဝင်များ ဖြစ်ပါတယ်။ IPU ဆိုင်ရာ ပူးတွဲအဖွဲ့၏ ဆောင်ရွက်ချက်များကို တင်ပြမယ်ဆိုလို့ရှိရင် IPU (၁၃၇)ကြိမ်မြောက် General Assembly တက်ရောက်ခဲ့သော ပြည်သူ့လွှတ်တော်၊ ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် တို့က ၁၀-၁-၂၀၁၈ တွင် IPU ပူးပေါင်းကော်မတီနှင့် AIPA ပူးပေါင်းကော်မတီဝင်များအား ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ IPU (၁၃၇)ကြိမ်မြောက် General Assembly မှ ချမှတ်သော မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် Resolution ကိစ္စ၊ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားများ ဥပဒေနှင့် ပတ်သက်၍ IPU မှ ပေးပို့သော Memorandum ကိစ္စများတွင် IPU ပူးပေါင်းကော်မတီတွင် ၁၄-၂-၂၀၁၈၊ ၂၀-၂-၂၀၁၈၊ ၅-၃-၂၀၁၈ ရက်နေ့များတွင် အစည်းအဝေး(၃)ကြိမ် ပြုလုပ်ဆွေးနွေးခဲ့ပါတယ်။

၆။ AIPA ဆိုင်ရာပူးပေါင်းကော်မတီ၏ ဆောင်ရွက်ချက်များကိုတင်ပြပါမယ်။ (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံတွင် တင်ပြမည့် အကြောင်းအရာများ၊ ဆုံးဖြတ်ချက် မူကြမ်းများနှင့် ပတ်သက်သည့် အစည်းအဝေးကို ၉-၈-၂၀၁၇ ရက်နေ့တွင် AIPA ပူးပေါင်းအဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ AIPA လေ့လာသူ အဖွဲ့ဝင် နိုင်ငံများအဖြစ် တရားဝင်အသိအမှတ်ပြု လက်ခံခြင်း အတွက် လမ်းညွှန်ချက်များဆိုင်ရာ ဆုံးဖြတ်ချက် မူကြမ်းကို အန္တရာယ်ရှိသော မူးယစ်ဆေးဝါးများနှင့် စပ်လျဉ်း၍ AIPA အကြံပေးကောင်စီ AIPACODD ၏ တာဝန်၊ လုပ်ပိုင်ခွင့်များအား ToR တွင် ထည့်သွင်းလိုသည့်အချက်များနှင့် သဘောထားမှတ်ချက် ပြန်ကြားပေးရန်ကိစ္စနှင့် ပတ်သက်သည့် အစည်းအဝေးကို ၂၀-၂-၂၀၁၈ ရက်နေ့တွင် AIPA ပူးပေါင်းအဖွဲ့ဝင်များ တက်ရောက် ဆွေးနွေးခဲ့ပါတယ်။ ဩစတြေးလျ ခရီးစဉ်နှင့် AIPA အဖွဲ့ဝင်များ ပါလီမန်များ၏ ပါလီမန်ဆိုင်ရာလုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်မှုနှင့် ကျား/မ ပြစ်မှုဆိုင်ရာ အခြေအနေတို့နှင့် စပ်လျဉ်းသည့် ဥပဒေပြုရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သည့် ကော်မတီဝင်ကိုယ်စားလှယ်များမှ အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်းကို ၇-၃-၂၀၁၈ ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါတယ်။

၇။ လေ့လာတွေ့ရှိချက်များနှင့်သုံးသပ်ချက်များကို တင်ပြပါမယ်ခင်ဗျား။ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များမှာ နိုင်ငံတကာဆက်ဆံရေးကော်မတီ ပုံမှန်အစည်းအဝေးများတွင် ကမ္ဘာ့နိုင်ငံများအကြောင်း၊ ပါလီမန်စနစ်များနှင့် ပါလီမန်များအကြောင်း အလှည့်ကျ ဆွေးနွေးခြင်းအားဖြင့် နိုင်ငံတကာဗဟုသုတ အတွေးအခေါ်များ ရရှိခဲ့ပါတယ်။ နိုင်ငံတကာမှ သံအမတ်ကြီးများ၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများသို့ တက်ရောက်ခြင်းအားဖြင့် ကော်မတီဝင်များ နိုင်ငံတကာဆက်ဆံရေး အတွေ့အကြုံရရှိပါတယ်။ နိုင်ငံအသီးသီးမှ ဧည့်သည်တော်များနှင့် တွေ့ဆုံခြင်း၊ နိုင်ငံအသီးသီးသို့ ခရီးစဉ်များ သွားရောက်ခြင်းတို့အတွက် သက်ဆိုင်ရာ လွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းဝင် ကိုယ်စားလှယ်များသာမက နိုင်ငံတကာ

ဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဝင်များကိုပါ ထည့်သွင်းသင့်ကြောင်းအကြံပြုပါတယ်။

၈။ ကော်မတီအနေဖြင့် လွှတ်တော်အချင်းချင်း ရင်းနှီးချစ်ကြည်စွာပူးပေါင်း ဆောင်ရွက်ရေးကို တိုးမြှင့်ရန် လုပ်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် IPU, AIPA နှင့် အခြားအပြည်ပြည်ဆိုင်ရာ လွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် မိမိတို့လွှတ်တော်များအနေဖြင့် နိုင်ငံ၏ပကတိ အခြေအနေမှန်များကို တင်ပြဆွေးနွေးရာ၌ ယခုထက်ပိုမို ပြင်ဆင်မှုများပြုလုပ်ပြီး နိုင်ငံတကာအစည်းအဝေးများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံအပေါ် နိုင်ငံတကာ ဖိအားများ လျော့ဆင်းလာနိုင်ကြောင်း လေ့လာသုံးသပ်ရပါတယ်။ နိုင်ငံတကာနှင့်ပတ်သက်သည့် လက်ရှိအခြေအနေများ၊ အပြောင်းအလဲများနှင့် ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ နိုင်ငံတကာဆက်ဆံရေးကော်မတီကို ရှင်းလင်းအသိပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများသို့ ဖိတ်ကြားခြင်းများ ပြုလုပ်သင့်တယ်လို့အကြံပြုလိုပါတယ်။ ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အမြင်၊ သဘောထား၊ ဝေဖန်ချက်များကို မျက်ခြေမပြတ်စောင့်ကြည့်ပြီး ကော်မတီတွင် ဆွေးနွေးစိစဉ်ရန်ရှိပါတယ်။

၉။ နိဂုံးချုပ်အနေနဲ့ နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဝင်များသည် နိုင်ငံတကာဆက်ဆံရေး အတွေးအခေါ် ဗဟုသုတ ပညာရပ်များ စဉ်ဆက်မပြတ် တိုးတက်နေစေရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူ၍ ဆက်လက်ကြိုးပမ်းအားထုတ်နေပြီဖြစ်ကြောင်း အစီရင်ခံအပ်ပါတယ်။

နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့်
ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

ကျေးဇူးတင်ပါတယ်။

ကော်မတီ၏ ပုံမှန်အစည်းအဝေး မြင်ကွင်းပုံ (ဖဖ)



ဖိလစ်ပိုင်နိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E. Mr. Eduardo E.Kapunan, Jr. ဦးဆောင်သော အဖွဲ့ (၃-၈-၂၀၁၇) ရက်နေ့တွင် လာရောက်သည့်မှတ်တမ်းဓာတ်ပုံ မြင်ကွင်းပုံ (ဖဖ-၁)



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC)၊ နိုင်ငံတကာရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yuan Guiren ဦးဆောင်သောအဖွဲ့ (၂၃-၈-၂၀၁၇) ရက်နေ့ လာရောက်တွေ့ဆုံစဉ် မှတ်တမ်းဓာတ်ပုံ မြင်ကွင်းပုံ (ဖဖ-၂)



**အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၁၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၁၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို

၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၁း၀၃ နာရီအချိန်တွင်ရပ်နားပါသည်။]